## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝေးကွာခြင်းကန့်လန့်ကာရဲ့နောက်မှာ | ၉ |
| အိမ်တစ်လုံး၏ အတ္ထုပ္ပတ္တိတစ်ပိုင်းတစ်စ | ၃၄ |
| နှစ်ပေါင်းငါးဆယ်ကျော်က မြန်မာသတင်းစာ | ၅၂ |
| အားပေး အသက်ရာကျော်ရှည်ပါစေ | ၇၀ |
| ဒိုင်း...ဒိုင်း ကောင်းဘွိုင်းလိုပဲ | ၈၄ |
| အမှောင်ထဲ၌ နိုး | ၉၇ |
| လှိုင်းများ | ၁၁၀ |
| ရွှေမြို့တော်သို့ ခြေလှမ်းသုံးဆယ် | ၁၂၆ |
| ကျွန်တော် ဝန်းမော်သား | ၁၄၄ |
| စွန့်စားသူတစ်ဦး | ၁၅၉ |
| သားကောင် | ၁၇၇ |
| သူရာဘာယားက လာသောသူ | ၁၉၇ |
| အချစ်ဆိုတာဘာလဲ...ဟင် | ၂၁၇ |

## စာရေးသူ၏အမှာ

ချစ်လှစွာသော စာဖတ်သူ...

တစ်ခါက ကျွန်တော်သည် နိုင်ငံခြားရွှေ့ပြောင်းအလုပ်သမားဘဝတွင် (၁၄)နှစ်တာကျင်လည်ခဲ့ပြီး ထိုင်း၊ မလေးရှား၊ တောင်ကိုရီးယား၊ မကာအိုနိုင်ငံများသို့ ရောက်ရှိခဲ့ပါသည်။ စာပေဝါသနာရှင်ဖြစ်သည်မို့လည်း ကျွန်တော်ရောက်ရှိရာဒေသ၊ အတွေ့အကြုံ လူတွေအကြောင်းကို စာအုပ်များထုတ်ဝေခဲ့မှုမှာ "အချစ်ဆိုတာဘာလဲ...ဟင်နှင့် နိုင်ငံခြားဖြစ်ရပ်မှန်ဇာတ်လမ်း"များ စာအုပ်သည် ဆဋ္ဌမမြောက်စာအုပ်ဖြစ်ပါသည်။ မကာအိုရောက် ကာစရက်များတုန်းကဖြစ်သည်။ လီကာလပ်စ်ဂျူတီဖရီးဆိုင်က ဝန်ထမ်းများက ကျွန်တော်သည် မြန်မာလူမျိုး (မင်းတင်ယံ) မှန်းသိ၍ "မကာအိုကလူတွေကို ဘယ်လိုသဘောရသလဲ"ဟု မေးသည်။ အဲကြောင့် "လူကောင်း လူဆိုးဆိုတာက မကာအိုမှာ ရှိသလို မြန်မာပြည်မှာလည်း ရှိပါတယ်"ဟူ၍ ဖြေလိုက်ပါ



သည်။ အဲတာင်မကပါ။ ထိုင်းမှာ၊ မလေးရှားမှာ၊ ကမ္ဘာမြေတစ်လွှားမှာ လူကောင်း လူဆိုးဟူ၍ ရှိစမြဲပါ။ ကောင်းခြင်း ဆိုးခြင်း၏ လူကျင့်ဝတ်နှင့်အညီနေခြင်း မနေခြင်း စိတ်စေတနာကောင်း မကောင်းဟူသည် တစ်ဦးချင်းစီ၏ စရိုက်လက္ခဏာသာဖြစ်ပြီး ပထဝီဝင်အနေအထား နေရာဒေသ လူမျိုးနှင့် မဆိုင်ပါ။ ကျင်လည်ခဲ့ရာ ရွှေ့ပြောင်းအလုပ်သမားဘဝ (၁၃)နှစ်တွင် လူပေါင်းစုံ စရိုက်ပေါင်းစုံကို ဆက်ဆံခဲ့ရတာပါ။ အဲကြောင့်လည်း ဤအကြောင်းတွေကို မြန်ရေးဖြစ်သောအခါတွင် ယင်းမတူကွဲပြားသော စရိုက်တွေကို ပေါ်လွင်အောင် ထည့်သွင်းရေးသားခဲ့ပါသည်။ အရှင်းဆုံးပြောရပါလျှင် တစ်စိမ်းတရုတ်က မိမိအပေါ် မကောင်းသဖြင့် စိတ်ထိခိုက်မနေပါနှင့်။ မိမိ၏ ဆွေမျိုးသားချင်းထဲက တောင် လူတိုင်းက မိမိအပေါ် ကောင်းရဲ့လားလို့ ဆန်းစစ်ကြည့်လိုက်စေချင်ပါသည်။

ရွှေဆိုသည့် မြန်မာတွေများသော ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မြန်မာဆိုလျှင် ရှုတ်သည်ဟု ဝေဖန်ကြသည်။ ပေါ်တူဂီလူမျိုးတွေများမှု၊ ဖိလစ်ပိုင်လူမျိုးတွေများမှု၊ မကာအိုမြို့မှာလည်း ပေါ်တူဂီလူမျိုးအချင်းချင်း ရှုတ်၍ ဖိလစ်ပိုင်လူမျိုးအချင်းချင်း ရှုတ်တာကို ဤစာရေးသူက တွေ့ခဲ့ရပါသည်။ ထီးလုံးခေါင်းထဲ



မှာ လာသောသောအတွေးအမြင်များရှိက ဖျောက်ဖျက်ပစ်စေလိုပါသည်။ သီချင်းတစ်ပုဒ်ကို ကြားလိုက်ရသည်။ "ကမ္ဘာမှာ မြန်မာ တော့လို့ ဂုဏ်ယူဝင့်ကြွားစရာ တောင်သမန်"ပါတဲ့။ လှပသော နေရာဟူသည် ကမ္ဘာပေါ်ရှိ နေရာဒေသတိုင်းမှာ ရှိပါသည်။ တောင်သမန်တစ်ခုတည်းက ကမ္ဘာပေါ်မှ လှနေသည်မဟုတ်ပါ။ နေရာဒေသတစ်ခု လှပခြင်းဟူသည် ကြည့်ရှုခံစားသူနှင့် ဆိုင်သလို အချိန်ကာလနှင့် ဆိုင်သည်။ ဖြစ်နိုင်လျှင် ပြည်တွင်းပြည်ပ ခရီးများမှာ သွား၍ လူပေါင်းစုံနှင့် ဆက်ဆံကြည့်စေချင်သည်။ စာဖတ်သူ (ဝါ) ခရီးသွားသူ၏ အတွေးအမြင်ကျယ်ပြောလာပါလိမ့်မည်ဟု အကြံပြုပါသည်။

ချမ်းမြေ့ကြပါစေ...

စာရေးသူ

**ထိုဝင်း**

ရန်ကုန်မြို့

၂၀၁၉ ခုနှစ် စက်တင်ဘာလ